## Q2. တိဟိတ်ဆိုတာရဲ့ အဓိပ္ပါယ်ကို ရှင်းပြပေးပါ။

**A2.** တိဟိတ်ဆိုတဲ့ စကားလုံးအနက်က တိ ဆိုတာ သုံး၊ ဟိတ် ဆိုတာ ဟေတု အကြောင်းရင်း အခြေအမြစ်။ ဒါကြောင့် တိဟိတ် ဆိုတာ အကြောင်းရင်း အခြေအမြစ်သုံးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်လို့ ပြောနိုင်တယ်။

အကြောင်းသုံးပါးမှာ အကြောင်းဆိုတာက ဒီဘဝမှာ ဒုက္ခဆင်းရဲအပေါင်းက ကျွတ်နိုင် လွတ်နိုင်တဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို ရသင့်ရထိုက်တဲ့ အကြောင်းကိုပြောတာ။ အဲဒီအကြောင်းရင်း အခြေအမြစ်က သုံးပါး ပြည့်စုံရတယ်။ အဲဒီသုံးပါးက (၁) အလောဘ (၂) အဒေါသ (၃) အမောဟ ဆိုတဲ့ တရားသုံးပါးပဲ။ အလောဘ ဆိုတာ မလိုချင်တာ။ အဒေါသက မဖျက်ဆီးချင်တာ။ အမောဟ ဆိုတာက မတွေဝေတာ လို့ အကြမ်းအားဖြင့် နားလည်ထားနိုင်တယ်။

တိရိစ္ဆာန်မှာ လောဘ၊ ဒေါသ၊ မောဟ သက်သက်ပဲရှိတယ်။ ဒါကြောင့်သူတို့ကို အဟိတ်တိရိစ္ဆာန်လို့ ခေါ်ရတယ်။ လူမှာက လောဘလည်း ရှိတယ်။ အလောဘလည်း ရှိတယ်။ ဒေါသလည်း ရှိတယ်။ အဒေါသ (မေတ္တာ) လည်းရှိတယ်။ တချို့လူကျတော့ မောဟ (အဝိဇ္ဇာ) ပဲ ရှိတယ်။ အမောဟ (ဝိဇ္ဇာဉာဏ်၊ ပညာစေတသိတ်) မရှိဘူး။ အနှပုထုဇဉ်က အမှန်ကို အမှန်အတိုင်းသိတဲ့ သစ္စာဉာဏ် (ဝိဇ္ဇာ) မရှိဘူး။ အဲဒီလိုလူကို ဒွိဟိတ်လို့ ခေါ်တယ်။ သစ္စာဉာဏ် မရှိတဲ့အတွက် ဒွိဟိတ်ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ကို မရဘူး။ ဒီလိုလူမျိုး မကျွတ်ထိုက်ဘူးလို့ မှတ်ရမယ်။

### (၁) အလောဘဟိတ်

သတ္တဝါတွေမှာ မွေးကတည်းက လောဘမူစိတ် ပါလာတယ်။ လိုချင်တက်မက်တဲ့ သဘောပေါ့။ မြင်မြင်သမျှအပေါ်မှာ သာယာနစ်သက်တဲ့ ဝေဒနာကြောင့် အဲဒီ မြင်မြင်သမျှကို ငါ့ဟာ ငါ့ဥစ္စာ ဖြစ်ချင်တဲ့ ဒိဋ္ဌိအစွဲအလမ်း ရှိတဲ့အတွက် လိုချင်တယ်။ တပ်မက်တယ်။ အလောဘဟိတ် ရှိတဲ့ ပုဂ္ဂိုလ်ကတော့ ရရှိတဲ့ စည်းစိမ် ဥစ္စာတွေအပေါ် ကိလေသာအာရုံ ကာမဂုဏ်တွေအပေါ်မှာ မတပ်မက်ဘူး၊ မစွဲလမ်းဘူး။ မတပ်မက် မစွဲလန်းတဲ့အတွက် သူက စွန့်နိုင်တယ်။ လိုချင်တပ်မက်သူက မစွန့်နိုင်ဘူး။ စွန့်နိုင်သူဟာ မလိုချင်ဘူး၊ မတပ်မက်ဘူး၊ မတွယ်တာဘူး။ လိုချင်တပ်မက်သူက လောဘကြောင့် အပြစ်မကင်းတဲ့ အလုပ်၊ အကုသိုလ်တွေကို လုပ်ဖို့ ဝန်မလေးဘူး။ မလိုချင်၊ မတပ်မက်တဲ့ လူကတော့ စွန့်လွှတ်နိုင်တဲ့အတွက် အပြစ်မကင်းတဲ့ အလုပ်ကို မလုပ်ဘူး။ ဒါကြောင့် အလောဘကို ကုသလမူလ ကုသိုလ်ရဲ့ အခြေအမြစ် လို့ ခေါ်ရတယ်။

## (၂) အဒေါသဟိတ်

အဒေါသ ဆိုတာက သူတစ်ပါး ပျက်စီးအောင် ဖျက်ဆီးလိုခြင်း မရှိတာကို ခေါ်တာပဲ။ ဖျက်ဆီးလိုခြင်း ဒေါသဆိုတာ သူတစ်ပါးကို မဖျက်ဆီးခင်၊ ပျက်စီးအောင် အလုပ်ခင်ကတည်းက ကိုယ့်စိတ် ပျက်စီးတယ်။ အမျက်ဒေါသရှိသူရဲ့ ရင်ထဲမှာ အေးငြိမ်းမှု မရှိဘူး။ ပူလောင် နိပ်စက်တဲ့ သဘောပဲ ရှိတယ်။ ဒေါသဆိုတဲ့ ဖျက်စီးလိုခြင်းသဘောဟာ ကိုယ့်ကိုလည်း ထိခိုက်တယ်။ သူတစ်ပါးကိုလည်း ထိခိုက်တယ်။ မဖျက်ဆီးလိုမှု အဒေါသကို ကုသလမူလ လို့ခေါ်တယ်။ ကုသိုလ်တရားရဲ့ အခြေအမြစ်ပေါ့ကွယ်။

## (၃) အမောဟဟိတ်

မတွေဝေမှု အမောဟ ရဲ့ သဘောကတော့ တော်တော်ကျယ်ဝန်းတယ်။ ဒါက ပညာသဘော၊ ဝိဇ္ဇာဉာဏ်သဘော ဖြစ်တာကိုး။ စာထဲမှာတော့ အမောဟဆိုတာ မတွေဝေဘဲ ခွဲခွဲခြားခြား အပြားအားဖြင့် သိမှုလို့ ဖော်ပြတယ်။ ဘာကို အပြားအားဖြင့်သိတာလဲ။ အဲဒါကို ပထမ နားလည် ရမယ်။ သစ္စာဆိုတဲ့ သဘော အမှန်တရားကို ခွဲခွဲခြားခြား အပြားအားဖြင့် သိမှုဘဲကွဲ့။ ခု ဒီပစ္စုပ္ပန်ဘဝမှာ မိမိတို့ ရထားတဲ့ ပရမတ်ခန္ဓာ (ရုပ် နာမ်နစ်ပါး၊ ခန္ဓာငါးပါး) ဟာ ဖြစ်ပြီး ပျက်နေတဲ့ မမြဲတဲ့ တရားကြီးဘဲဆိုတာကို ဟုတ်သလား မဟုတ်ဘူးလားလို့ စိစစ်နိုင်ရမယ်။ အဲဒီလို ခွဲခွဲခြားခြား အပြားအားဖြင့် စိစစ်တတ်တဲ့ သဘော၊ ဒုက္ခသစ္စာကို စိစစ်ပြီး သိမြင်နားလည်ခြင်းသဘော၊ သတ္တဝါတွေ ဒုက္ခရောက်ရတဲ့ အကြောင်း သမုဒယသစ္စာကို စိစစ်နားလည်သိမြင်ခြင်းသဘော၊ ဖြစ်ပျက် ဒုက္ခသစ္စာရဲ့ အဆုံးမှာ ဒုက္ခချုပ်ငြိမ်းခြင်း နိရောဓသဘော ရှိတယ်ဆိုတာကို စိစစ်နားလည်သိမြင်ခြင်းသဘော၊ အဲဒီ ဒုက္ခအေးငြိမ်းခြင်းသဘော နိဗ္ဗာန်ကို ရောက်အောင်ပို့ဆောင်တတ်တဲ့ မဂ္ဂင်နည်းလမ်း ရှိတယ်ဆိုတာကို စိစစ်နားလည်ခြင်းသဘော၊ လူဟာ ဒီဘဝကို ဘာလုပ်ဖို့ ရောက်လာသလဲ၊ ဒီဘဝမှာ လူသားရဲ့ အမြင့်ဆုံး အမြတ်ဆုံး အလုပ်ဟာ ဘာဖြစ် သင့်သလဲ ဆိုတာကို သိတတ်တဲ့ ဉာဏ်ရှိသူရဲ့ အဖြစ်ဟာ အမောဟ ရဲ့ သဘောပဲကွဲ့။

အရှင်အာဒိစ္စရံသီ (ဦးဆန်းလွင်)